စာတမ်းအမည် – အာဇာနည်ခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်
စာတမ်းတင်သွင်းသူ – လျာကျိုန်ဟောက်လွန်း (Lia Cing Hau Lun)
အဖွဲ့အစည်းအမည် – ချင်းတိုင်းရင်းသားများအဖွဲ့အစည်း (ဂျပန်)
Chin National Community-Japan (CNC-Japan)

လေးစားအပ်ပါသော သဘာပတိကြီးများ၊ အမှတ်ပေးဒိုင်လူကြီးများနှင့် ကြွရောက်လာကြသော ဧည့်ပရိသတ်များရှင့်၊

ကျွန်မကတော့ ချင်းတိုင်းရင်းသားများအဖွဲ့အစည်း(ဂျပန်) Chin National Community-Japan (CNC-Japan) မှ လျာကျိုန်ဟောက်လွန်းဖြစ်ပါတယ်။

ဒီကနေ့ (၆၃)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားမှာကျွန်မတင်သွင်းပြောကြားမယ့် အကြောင်းအရာကတော့ အာဇာနည်ခေါင်းဆောင်ကြီးများ မျှော်မှန်းထားခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အကြောင်းပဲ ဖြစ်ပါတယ်။

ကျွန်မသည် ဒီကနေ့၌အခမ်းအနားမှာ တော်လို့တတ်လို့ဆုရယူဖို့ဆိုသည့်ရည်ရွယ်ချက်ဖြင့် လာရောက်ခြင်းမဟုတ်ပါ။ ဒီအခမ်းအနားမှာလာရောက်ပါဝင်ရတဲ့အကြောင်းရင်းကတော့ ကျွန်မကိုယ်တိုင်ကိုယ်ကျ အာဇာနည်ခေါင်းဆောင်ကြီးများအား ဂုဏ်ပြုချင်တဲ့ဆန္ဒကြောင့်ရောက်ရှိလာခြင်းဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ကျွန်မဟာမြန်မာနိုင်ငံမှာကျောင်းသူဘဝ တစ်လျှောက်လုံးမှာအာဇာနည်နေ့အခမ်းအနားများတွင် ပါဝင်ခွင့်မရခဲ့ပါ။ ဘာဖြစ်လို့လဲဆိုတော့စစ်အာဏာရှင် နအဖ အစိုးရလက်ထက်မှာ အာဇာနည်နေ့အခမ်းအနားများကို ကျောင်းများတွင် ကျင်းပခွင့်မပေးတော့သည့် အတွက်ကြောင့်ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးဗိသုကာကြီးတပ်မတော်ဖခင်၊ အမျိုးသားခေါင်းဆောင်ကြီး နိုင်ငံတော်ကို အသက်ပေးလှူသွားသော အာဇာနည်ခေါင်းဆောင်ကြီးဖြစ်သည်ကို လူငယ်ကျောင်းသူကျောင်းသားများက ကောင်းစွာ မသိနိုင်စေရန် နအဖ ခေါင်းဆောင်ကြီးများစတင်လုပ်ဆောင်ချက်ဖြစ်ပါသည်။ ကျွန်မတို့လူငယ်များက အာဇာနည်ခေါင်းဆောင်များအား ဂုဏ်ပြုသော ဟောပြောပွဲ အခမ်းအနားပြုလုပ်ရန်အစီအစဉ်ကို ဟန့်တားပိတ်ပင်ခြင်းခံခဲ့ရသည်အထိ ခံခဲ့ရဖူးပါသည်။ ထို့ကြောင့် ဒီကနေ့ ၌အခမ်းအနားကိုကျင်းပပေးသော ဂျပန်နိုင်ငံရောက်မြန်မာ့ဒီမိုကရေစီအင်အားစုများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

<u>အာဇာနည်ခေါင်းဆောင်ကြီးများ</u>

အာဇာနည်ဆိုသည့်အဓိပ္ပါယ်ကိုရှေးဦးစွာ အဓိပ္ပါယ်ဖွင့်ဆိုချင်ပါတယ်။ အများအတွက်တိုင်းပြည်အတွက် မိမိ၏အသက်ကို မနှမြောဘဲ စွန့်လွှတ်ပေးဆပ်အနစ်နာခံသူကို အာဇာနည်လို့ခေါ်ပါတယ်။ ဥပမာ– ဘာသာရေးအတွက်အသက်ပေး စွန့်လွှတ်ပေးဆပ်အနစ်နာခံသူကို သာသနာ့အာဇာနည်လို့ ခေါ်ပါတယ်။ နိုင်ငံတော်အတွက် အသက်ပေးစွန့်လွှတ်အနစ်နာခံသူကို နိုင်ငံ့အာဇာနည်လို့ ခေါ်ပါတယ်။ ယနေ့ကျွန်မတို့ပြောကြားမည့်အကြောင်းအရာကတော့ ပြည်ထောင်စုမြန်မာနိုင်ငံတော် လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် မသာမာသူလက်နက်ကိုင် လူတစ်စုရဲ့လုပ်ကြံခြင်းခံခဲ့ရသော ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ခေါင်းဆောင် (၉)ဦးတို့ကိုရည်ညွှန်းပြောဆိုခြင်းဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ် ဇူလိုင်(၁၉) ရက်နေ့နံနက် ၁၀နာရီ ၃၇မိနစ်တွင် ရန်ကုန်မြို့ဗိုလ်အောင်ကျော်လမ်းနှင့်သိမ်ဖြူလမ်းကြားရှိ အတွင်းဝန်များရုံး၌ ဗိုလ်ချုပ်အောင်ဆန်းနဲ့သူ၏ ကဲဘိနက်သ် (Cabinet) အဖွဲ့ဝင်များဟာ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက်ကြိုတင်ပြင်ဆင်မှုအစည်းအဝေးများ ပြုလုပ်နေစဉ် လက်နက်ကိုင်မသမာသူတစ်စုက အတင်းအဓမ္မဝင်ရောက်လုပ်ကြံသတ်ဖြတ်ခဲ့ကြပါတယ်။ ၌ကျဆုံးသွားသော ခေါင်းဆောင်ကြီးများအား ဂါရဝပြု ဂုဏ်ပြုအမှတ်ရစေခြင်းငှာ အာဇာနည်နေ့အဖြစ်သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

၁၉ဇူလိုင်မမေ့နိုင်ဆိုတဲ့အတိုင်းပဲ ဇူလိုင် ၁၉မှာ အသက်ပေးခဲ့ကြသည့်အာဇာနည်ပုဂ္ဂိုလ်ကြီးများမှာ–

၁။ လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း (၁၉၁၅–၁၉၄၇)
(ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ဖခင်)

၂။ ဦးဘဝင်း (၁၉၀၁–၁၉၄၇) ကုန်သွယ်ရေးဝန်ကြီး
(ဗိုလ်ချုပ်အောင်ဆန်း၏ အစ်ကို၊ NCGUB ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်း၏ဖခင်)

၃။ သခင်မြ (၁၈၉၇–၁၉၄၇) ဘဏ္ဍာရေးဝန်ကြီး

၄။ ဒီးဒုတ်ဦးဘချို ( ၁၈၉၃–၁၉၄၇) သတင်းနှင့်ဝါဒဖြန့်ချိရေး

၅။ မိုင်းပွန်စော်ဘွားကြီး စပ်စံထွန်း (၁၉၀၇–၁၉၄၇)
၆။ ဦးအဗ္ဗဒူရာဇတ် (၁၈၉၈–၁၉၄၇) ပညာရေးဝန်ကြီး
၇။ မန်းဘခိုင် ( ၁၉၀၃–၁၉၄၇) စက်မှု နှင့် အလုပ်သမားဝန်ကြီး
၈။ ဦးအုန်းမောင် (၁၉၁၃–၁၉၄၇) အတွင်းဝန်
၉။ သက်တော်စောင့် ရဲဘော်ကိုထွေးတို့ဖြစ်ကြပါတယ်။

အာဇာနည်ခေါင်းဆောင်ကြီးများကိုလုပ်ကြံခဲ့သောသေနတ်ကိုင်လူတစ်စု၏နောက်ကွယ်မှ ကြိုးကိုင်အမိန့်ပေးခဲ့သူမှာ ဂဠုန်ဦးစောဖြစ်ပါသည်။ ဦးစောဟာမိမိအာဏာရရှိရေး၊ ကိုယ်ကျိုးတစ်ရပ်တည်းကိုကြည့်သော နယ်ချဲ့လက်ပါးစေဖြစ်ပါတယ်။

## အာဇာနည်ခေါင်းဆောင်ကြီးများအား ဂုဏ်ပြုခြင်းနှင့် သင်ခန်းစာယူခြင်း

အာဇာနည်နေ့ဟာယနေ့ဆိုလျှင် (၆၃)နှစ်မြောက်ခဲ့ပါပြီ။ မြန်မာပြည်တွင် အာဇာနည်နေ့အခမ်းအနားများတွင် ခေါင်းဆောင်ကြီးများအား ဂါရဝပြုခွင့်မကြုံရပါ။ အာဇာနည်ခေါင်းဆောင်ကြီးများအား ကျွန်မဒီနေ့ဒီနေရာမှ ဂုဏ်ပြုအပ်ပါတယ်။ ကျန်ရစ်သူမိသားစုများနဲ့အတူထပ်တူဝမ်းနည်းခံစားရပါတယ်။ ထိုမိသားစုများနဲ့ အတူသူတို့အတွက် ဂုဏ်လည်းဂုဏ်ယူမိပါတယ်။

အာဇာနည် နေ့နဲ့ ပတ်သက်လို့ သင်ခန်းစာယူစရာအချက်များနဲ့ လုပ်ဆောင်သင့်သောအချက်များကို တင်ပြလိုပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးများက ပြည်ထောင်စုမြန်မာနိုင်ငံတော် တည်ဆောက်ရေးမှာ ဘဝတစ်ခုလုံးကို ပေးဆပ်နေတဲ့ကာလမှာ ဂဠုန်ဦးစော အပါအဝင် လက်နက်ကိုင်လူတစ်စုက တိုင်းပြည်နဲ့ လူမျိုးအတွက်မစဉ်းစားဘဲ မိမိတို့ကိုယ်ကျိုးအတွက်ဘဲ လုပ်ခဲ့တာကိုတွေ့ခဲ့ရပါတယ်။

ဒီကနေ့ကျွန်မတို့ရဲ့ ဒုတိယလွတ်လပ်ရေးကြိုးပမ်းမှုကာလဖြစ်တဲ့ ဒီမိုကရေစီရရှိရေး၊ ဖယ်ဒရယ်ပြည်ထောင်စုတစ်ရပ် တည်ဆောက်ရေး၊ လူ့ အခွင့်အရေးတန်းတူရရှိရေး၊ စစ်အာဏာရှင်စနစ် ဆန့်ကျင်ဖြုတ်ချရေး ကာလမှာ မိမိတို့ ကိုယ်ကျိုးအတွက် ကိုသာကြည့်ပြီး ဒီမိုကရေစီအရေးလှုပ်ရှားသူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို သတ်ဖြတ် ဖျက်ဆီးနေသော စစ်အာဏာရှင် လူတစ်စု ရှိနေတာကိုလည်း သတိမမေ့ကြဖို့ လိုအပ်ပါတယ်။ ဒီဒုတိယလွတ်လပ်ရေးကြိုးပမ်းမှုကာလမှာ အသက်ပေးခဲ့ကြသည့် ရဟန်းရှင်လူ ကျောင်းသား ပြည်သူများအားလုံးကိုလည်း အာဇာနည်ပုဂ္ဂိုလ်များအဖြစ် ကျွန်မဒီနေရာကနေ ဂုဏ်ပြုအပ်ပါတယ်။ခေတ်အဆက်ဆက်တိုင်းမှာ ဘယ်သူသေသေ၊ ငတေမာရင်ပြီးရော ဆိုတဲ့ ကိုယ်ကျိုးတစ်ခုတည်းကို ကြည့်တဲ့လူတွေကို ဖော်ထုတ်ပြီး ဝိုင်းဝန်းဆန့်ကျင်ကြရန်လိုအပ်ပါသည်။တိုင်းပြည်နှင့်လူမျိုးအကျိုးကိုထိခိုက်စေတဲ့ အဖျက်သမားများကို အမြဲတမ်းစောင့်ကြည့်သတိထားရန်လိုအပ်ကြောင်း သင်ခန်းစာယူထိုက်ပါသည်။

## အာဇာနည် ခေါင်းဆောင်ကြီးများ၏ မျှော်မှန်းချက်

ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ထာဝရလေးစားဂုဏ်ပြုခြင်းဆိုတဲ့နေရာမှာ သူတို့ရဲ့ ရည်မှန်းချက်၊ လုပ်ဆောင်ချက်များကို လေးစားဂုဏ်ပြုခြင်းလို့အဓိပ္ပါယ်ရပါတယ်။

အာဇာနည်ခေါင်းဆောင်ကြီးများရဲ့လုပ်ဆောင်ခဲ့သောအချက်များကို ဂုဏ်ပြုခြင်းဖြစ်သလို ခေါင်းဆောင်ကြီးများသည် လွတ်လပ်ရေးမရမီကျဆုံးခဲ့ကြသောကြောင့် သူတို့ရဲ့ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် ကျန်ရှိနေပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးများက နယ်ချဲ့လက်အောက်မှလွတ်လပ်ရေးကို အတူကြိုးပမ်းရယူပြီးပြည်ထောင်စုနိုင်ငံတော်ကိုတည်ထောင်ရန်ရည်မှန်းခဲ့ပါသည်။ ဒီနေရာမှာအနည်းငယ်ရှင်းပြချင်တာကတော့ နယ်ချဲ့ အင်္ဂလိပ်မတိုင်ခင်က ဗမာ မင်းနိုင်ငံ၊ တိုင်းရင်းသားဒေသများတွင် စော်ဘွား၊ ဒူးဝါးနိုင်ငံများ သီးခြားစီ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ်ကြငှန်းနှင့် လွတ်လပ်စွာနေထိုင်ခဲ့ကြပါတယ်။ နယ်ချဲ့ အင်္ဂလိပ်လက်အောက်သို့ အဆင့်ဆင့်ကျရောက်ခဲ့ကြရပါတယ်။

နယ်ချဲ့ အင်္ဂလိပ်လက်အောက်မှ လွတ်လပ်ရေးကို အတူတကွကြိုးပမ်းကြပါတယ်။ လွတ်လပ်ရေးကို အတူတကွရယူကာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကိုထူထောင်ပြီး တန်းတူအတူတကွနေထိုင်ကြရန် သဘောတူဆုံးဖြတ်ကြပါသည်။ ထို့ကြောင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ (၁၂)ရက်နေ့တွင် ပင်လုံစာချုပ်ပေါ်ပေါက်လာရခြင်းဖြစ်ပါသည်။ ဤပင်လုံစာချုပ်အရ အင်္ဂလိပ် လက်အောက်မှလွတ်လပ်ရေးကိုရယူကြပြီးပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကိုထူထောင်စုကြီးကိုထူထောင်ကြရန်ဖြစ်ပါသည်။ အနာဂတ်ပြည်ထောင်စုကြီးအတွက်အလွန်အရေးကြီးသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုရေးဆွဲနေသောကာလဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကြီးသည်ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွအာဇာနည်ခေါင်းဆောင်ကြီးများရည်မှန်းထားသောအနာဂတ်ပြည်ထောင်စု မြန်မာနိုင်ငံတော်ကိုအကောင်အထည်ဖော်မည့်အခြေခံဥပဒေဖြစ်ပါသည်။သို့ရာတွင်ဗိုလ်ချုပ်အောင်ဆန်းတို့ကိုယ်တိုင် အတည်မပြုမီ


10-7 Ishijima, White Villa 505 ; Koto-Ku 135-0014 Tokyo, Japan., cnc_jp@yahoo.com

ကျဆုံးခဲ့ကြပါသည်။

ဗြိသိသျှလက်အောက်မှလွတ်လပ်ရေးရယူနိုင်ရေးအတွက် အောင်ဆန်း–အတ္တလီ စာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။ ၁၉၄၇ ဇူလိုင် ၁၉ ရက်နေ့တွင်ဗိုလ်ချုပ်တို့ကျဆုံးခဲ့ပါတယ်။ ဝန်ကြီးချုပ်ဦးနုနှင့် နု–အတ္တလီ စာချုပ်ကိုချုပ်ဆိုရပြန်သည်။ ၁၉၄၈ ခုနှစ် ဇန္နဝါရီ(၄)ရက်နေ့တွင်လွတ်လပ်ရေးရယူပြီးဖြစ်ပါတယ်။လွတ်လပ်ရေးမရမီ(၂) ရက်စော၍ ၁၉၄၈ ဇန္နဝါရီ(၂) ရက်နေ့တွင် တိုင်းပြုပြည်ပြုလွှတ်တော်၌ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အတည်ပြုခဲ့ကြပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်ခေါင်းဆောင်ကြီးများရည်မှန်းခဲ့သောအနာဂတ်ပြည်ထောင်စုကြီးသည် ဗိုလ်ချုပ်အောင်ဆန်းတို့ ဂတိပြုခဲ့သော ဖယ်ဒရယ်ပြည်ထောင်စုအနှစ်သာရဟာဒီကနေ့အထိ ပြည့်ဝစွာအကောင်အထည်ဖော်နိုင်ခြင်းမရှိသေးပါ။

အာဇာနည်နေ့အခမ်းအနားကျင်းပရခြင်းမှာအာဇာနည်ခေါင်းဆောင်ကြီးများလုပ်ဆောင်ခဲ့သော အကြောင်းအရာများအတွက် ဂါရဝပြုခြင်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးများရဲ့ရည်မှန်းချက်ကို ဆက်လက်အကောင်အထည်ဖော် ခြင်းဆိုတဲ့အချက်များကို အလေးပေးတင်ပြချင်ပါတယ်။ ဤအကြောင်းအရာများသည် ခေါင်းဆောင်ကြီးများ မျှော်မှန်းထားသော အနာဂတ်ဖယ်ဒရယ်ပြည်ထောင်စုကြီးအတွက် ဆက်လက်အကောင်အထည်ဖော်ခြင်းဖြစ်ပါတယ်။ ယနေ့ဂျပန်နိုင်ငံတွင်ယခုကဲ့သို့ အာဇာနည်နေ့အခမ်းအနားကို ကျင်းပရခြင်းဟာလည်းအာဇာနည်ခေါင်းဆောင်ကြီးများမျှော်မှန်းထားခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက်သတိရပြီး ဆက်လက်အကောင်အထည်ဖော်ဖို့သမိုင်းပေးတာဝန်ဖြစ်ကြောင်းကို အသိပေးတဲ့အခမ်းအနားလို့ ကျွန်မအနေနဲ့ပြောကြားလိုပါတယ်။

<u>မျှော်မှန်းထားခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်</u>

နယ်ချဲ့အင်္ဂလိပ်တို့က အဆင့်ဆင့်သိမ်းပိုက်ထားသော တိုင်းနိုင်ငံများအားလုံးကို ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးများက ပင်လုံစာချုပ်အားဖြင့်ပြည်ထောင်စုနိုင်ငံတော်အဖြစ်တည်ဆောက်ရန် မျှော်မှန်းခဲ့ကြပါတယ်။

အာဇာနည်ခေါင်းဆောင်ကြီးများမျှော်မှန်းထားသောပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ဖယ်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံဖြင့်အုပ်ချုပ်ကြရန်ရည်မှန်းခဲ့ကြပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း၏ ကဲဘိနက်သ် အဖွဲ့တွင်လည်း လူမျိုးမခွဲခြား၊ ဘာသာရေးမခွဲခြားဘဲ ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်းကို ကျဆုံးသွားသော အာဇာနည်ခေါင်းဆောင်ကြီးများအားဖြင့် ထင်ရှားလှပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများ မျှော်မှန်းထားခဲ့သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ လိုအပ်လာပါသည်။ ဗမာနှင့်တိုင်းရင်းသားများတန်းတူ အခွင့်အရေးရရှိရေးကို အာမခံသော ဖွဲ့စည်းပုံဥပဒေဖြစ်ရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းက လမ်းညွှန်ချက်ပေးခဲ့ပါတယ်။ သို့ရာတွင်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲခြင်း မပြီးဆုံးမီအာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ကြရပါသည်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ၁၉၄၈ ခုနှစ် ဇန္နဝါရီလ (၄)ရက်နေ့တွင်ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ပေါ်ပေါက်လာခဲ့ပါတယ်။ ၁၉၆၂ ခုနှစ် မတ်လ(၂) ရက်နေ့တွင် ဗိုလ်ချုပ်နေဝင်းဦးဆောင်သော စစ်တပ်မှ ဦးနု၏ပါလီမန်အစိုးရထံမှအာဏာသိမ်းကာ စစ်အာဏာရှင်စနစ်ဖြင့်အုပ်ချုပ်လာခဲ့ပါသည်။ ၁၉၇၄ ခုနှစ်တွင်ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံဖြင့်အုပ်ချုပ်လာပါသည်။ ၁၉၈၈ ခုနှစ်တွင်ပြည်လုံးကျွတ်လူထုအုံကြွမှုဖြင့် မဆလ တစ်ပါတီအာဏာရှင်အစိုးရပြုတ်ကျခဲ့ပြီး စစ်တပ်မှအာဏာပြန်သိမ်းခဲ့ပါတယ်။ ၁၉၉၀ ခုနှစ်တွင်ရွေးကောက်ပွဲကျင်းပပေးခဲ့သော်လည်း ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သောအနိုင်ရပါတီ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကိုအာဏာမလွှဲပေးပါ။ ၂၀၀၈ခုနှစ်တွင် နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို အတင်းအဓမ္မအတည်ပြုလာပါသည်။ ၂၀၁၀ ရွေးကောက်ပွဲ ဥပဒေကိုထုတ်ပြန်ပြီး တရားမျှတမှုမရှိသော ဒီမိုကရေစီနှင့် ဖယ်ဒရယ်ပြည်ထောင်စုအတွက် အာမခံချက် မရှိသောရွေးကောက်ပွဲကို ကျင်းပရန်ပြင်ဆင်လာပါသည်။

မြန်မာနိုင်ငံဒီမိုကရေစီရရှိရေး၊ ဖယ်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဟာ အာဇာနည်ခေါင်းဆောင်ကြီးများ ရည်မှန်းခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖြစ်ပါတယ်။

စစ်အာဏာရှင် နအဖ အစိုးရရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေသည် အာဇာနည်ခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးပေါ်ပေါက်ရန်အတွက်ရေးဆွဲထားသော ဥပဒေမဟုတ်ပါ။ စစ်အာဏာရှင်များ ထာဝရအုပ်ချုပ်လွှမ်းမိုးနိုင်ရေးအတွက် ရေးဆွဲထားသောဥပဒေဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည် ခေါင်းဆောင်ကြီးများမျှော်မှန်းထားခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် အာမခံချက်လုံးဝမရှိပါ။ တိုင်းရင်းသားများအတွက်

Chin National Community - Japan
在日チン民族協会
ချင်းတိုင်းရင်းသားများအဖွဲ့အစည်း – ဂျပန်
www.cncjp.org

ပင်လုံစာချုပ်ပါ အခွင့်အရေးများကိုလည်း အကောင်အထည်ဖော်ပေးနိုင်မည့်ဖွဲ့ စည်းပုံအခြေခံဥပဒေမဟုတ်ပါ။

## အနာဂတ်ဖယ်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ပေါ်ပေါက်လာရေး

အစပထမပိုင်းတွင် ကျွန်မတင်ပြခဲ့တဲ့အတိုင်း မြန်မာနိုင်ငံတစ်ဝှမ်းလုံးနှင့် နိုင်ငံတကာမှာ အာဇာနည်နေ့ အခမ်းအနားများကို လွတ်လပ်စွာကျင်းပနိုင်ခွင့်ရဖို့ဟာအလွန်မှအရေးကြီးတယ်လို့ ကျွန်မမြင်ပါတယ်။ ကျွန်မတို့ကျောင်းသူဘဝ တလျှောက်လုံးမှာ အာဇာနည်နေ့အခမ်းအနားကျင်းပနိုင်ခွင့်မရခဲ့ပါ။ ဘာလို့လဲဆိုတော့ စစ်အာဏာရှင်အစိုးရဟာ အာဇာနည်နေ့ အခမ်းအနားများကို ကျောင်းများ၊ ရပ်ကွက်များ၌ ကျင်းပခွင့်ပိတ်ပင်ထားပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီး များရဲ့အကြောင်းအရာများ၊ ရည်မှန်းထားသော အနာဂတ်ပြည်ထောင်စုအကြောင်းများကိုလည်းပြည်သူတရပ်လုံး ကျယ်ကျယ်ပြန့်ပြန့်မသိစေရန် လုပ်ဆောင်ထားကြပါတယ်။ တိုင်းပြည်နဲ့လူမျိုးအတွက် စွန့်လွှတ်အနစ်နာခံရဲတဲ့ အာဇာနည်မျိုးဆက်သစ်များ နောက်ထပ်ပေါ်ထွက်လာဖို့၊ စစ်အာဏာရှင်အုပ်ချုပ်ရေးတည်မြဲဖို့၊အာဇာနည်ခေါင်းဆောင်ကြီးများ၏ ရည်မှန်းချက်များအကောင်အထည်မပေါ်စေဖို့ စစ်အစိုးရက ဖိနှိပ်ချုပ်ချယ်ထားပါတယ်။

တိုင်းပြည်အတွက်စွန့်လွှတ်အနစ်နာခံခြင်း၊ ပြောရဲဆိုရဲရှိခြင်း၊ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ခြင်းစသော ဒုတိယ လွတ်လပ်ရေးကြိုးပမ်းမှုများမပေါ်ပေါက်စေရန်အတွက်ပိတ်ပင်တားဆီးနေတယ်လို့ကျွန်မခံစားရပါတယ်။ အာဇာနည် ခေါင်းဆောင်ကြီးများမျှော်မှန်းခဲ့သော ပြည်ထောင်စုကြီးတစ်ရပ်တည်ဆောက်နိုင်ရန်အတွက် ကိုယ်ကျိုးရှာအာဏာရူး စစ်အာဏာရှင်လူတစ်စုကို ပြည်သူတစ်ရပ်လုံးမှ နည်းလမ်းပေါင်းစုံဖြင့် ဆန့်ကျင်ဖြုတ်ချဖို့သာဖြစ်ကြောင်း ဒီနေရာကနေ တောင်းဆိုတင်ပြလိုပါတယ်။

အာဇာနည်ခေါင်းဆောင်ကြီးများရဲ့အတွေးအခေါ်၊ အယူအဆ၊ ခံယူချက်၊ စည်းလုံးညီညွတ်မှု၊ အနစ်နာခံသော စိတ်ဓါတ်များ လူတိုင်းတွင်ရှိရန်လိုအပ်ပါသည်။ သို့မှသာလျှင် အာဇာနည်ခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သော ဖယ်ဒရယ် ပြည်ထောင်စုကြီး ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သော ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ပြည်သူလူထုတစ်ရပ်လုံးက ဒီမိုကရေစီနည်းကျစွာ လွတ်လပ်တရားမျှတစွာ ရွေးချယ်သော ပြည်သူ့ ကိုယ်စားလှယ်များကသာ အစိုးရဖွဲ့စည်းပြီး တိုင်းပြည်ကို အုပ်ချုပ်ရန်ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးအသီးသီး၏ ကိုယ်ပိုင်ပြဌာန်းခွင့်အတွက် အာမခံချက်ရှိရန်နှင့် ဗမာတစ်ကျပ်၊ ကရင်တစ်ကျပ် ဆိုသည့်အတိုင်း ဗမာတိုင်းရင်းသားအပါအဝင် တိုင်းရင်းသားအားလုံးနှင့် မြန်မာနိုင်ငံသားအားလုံးတွင် မိမိတို့၏ ရပိုင်ခွင့် အခွင့်အရေးများ ရရှိကြရန်ဖြစ်ပါတယ်။ လူ့အခွင့်အရေးတွင် တန်းတူညီမျှခွင့် ရရှိရေးသည် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ရည်မှန်းထားသောပန်းတိုင်များဖြစ်ပါတယ်။

ထို့ကြောင့်ပင်လုံစာချုပ်အတိုင်းလွတ်လပ်ရေး ကြိုးပမ်းပြီး လွတ်လပ်သောပြည်ထောင်စုကြီးပေါ်ပေါက်စေခြင်းကာလတွင် အသက်ပေးခဲ့သောအာဇာနည်များ -------
စစ်အာဏာရှင်စနစ် လက်အောက်မှ လွတ်မြောက်ရေးအတွက် ဒုတိယလွတ်လပ်ရေးကြိုးပမ်းမှုကာလ ဒီမိုကရေစီအရေး လှုပ်ရှားမှုများတွင် တိုင်းပြည်နဲ့လူမျိုးအတွက် အသက်ပေးခဲ့ကြသော အာဇာနည်များ----
အားလုံးကို ဒီနေရာမှ လေးစားစွာဂုဏ်ပြု ဂါရဝပြုရင်းဆက်လက်ကြိုးပမ်းကြပါစို့ဟု နိဂုံးချုပ်အပ်ပါတယ်ရှင်။


10-7 Ishijima, White Villa 505 ; Koto-Ku 135-0014 Tokyo, Japan., cnc_jp@yahoo.com